# ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလကုန်အထိ အခွန်အရပ်ရပ် ကောက်ခံရရှိမှု အခြေအနေ

နေပြည်တော် နိုဝင်ဘာလ ၂၈

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလကုန်အထိ အခွန်အရပ်ရပ် ကောက်ခံရရှိမှု စုစုပေါင်းမှာ ကျပ် ၅၄၃.၄၉၅ ဘီလီယံ ဖြစ်သဖြင့် လျာထားချက်၏ ၈.၁၆% ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ကောက်ခံရရှိမှုတွင် နိုင်ငံပိုင်ကဏ္ဍမှ ကျပ် ၆၇.၇၀၆ ဘီလီယံ၊ သမဝါယမကဏ္ဍမှ ကျပ် ၀.၁၇၁ ဘီလီယံနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျပ် ၄၇၅.၆၁၈ ဘီလီယံ ပါဝင်ကြောင်း သိရှိရပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလကုန်အထိ အခွန်တစ်မျိုးချင်းကောက်ခံရရှိမှု အခြေအနေမှာ ဝင်ငွေခွန် ကျပ် ၂၈၈.၀၉၉ ဘီလီယံ၊ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁၀၇.၅၁၆ ဘီလီယံ၊ အထူးကုန်စည်ခွန် ကျပ် ၁၂၉.၄၈၈ ဘီလီယံ၊ ရတနာခွန် ကျပ် ၀.၃၅၉ ဘီလီယံ၊ တံဆိပ်ခေါင်းခွန် ကျပ် ၅.၂၀၂ ဘီလီယံ နှင့် အောင်ဘာလေသိန်းဆုခွန် ကျပ် ၁၂.၈၃၁ ဘီလီယံ တို့ဖြစ်ကြောင်း သိရှိရပါသည်။